## ဖယ်ထုတ်ခြင်းဆိုင်ရာမူဝါဒ (မိဘများ)

Brainworks-Total Group of School ကျောင်းများသည် လူတိုင်းကိုလက်ခံသည့်ပတ်ဝန်းကျင်ကိုဖန်တီးရန်နှင့် ကွဲပြားမှုများကိုလေးစားသည့်နည်းလမ်းများဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ရည်မှန်းချက်များထဲမှ တစ်ခုမှာ ဒေသတွင်းရှိလူမှုအသိုင်းအဝိုင်းကိုအားပေးကူညီရန်ဖြစ်ပြီး ယခင်နှစ်များအတွင်းထိုရည်မှန်းချက်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ယခုအခါတွင် ကျွန်ုပ်တို့၏အဓိကဌာနများနှင့် ကျောင်းခွဲများ၏ ဦးဆောင်သူများသည် ဒေသတွင်းမှပင်ဖြစ်လာပါသည်။ ဤသို့စည်းလုံးညီညွတ်မှုရရှိရခြင်းမှာ Brainworks-Total Group of School တွင် ကျောင်း၏အဖွဲ့ဝင်တိုင်းသည် တစ်ဦးနှင့်တစ်ဦးလေးစားမှုဖြင့် လုပ်ကိုင်၊ သင်ယူ၊ သင်ကြား နေထိုင်ကြသောကြောင့်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ယခင်မူဝါဒများတွင်ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်တို့သည်ကျောင်းသားများကို ထာဝရ (သို့မဟုတ်) ယာယီထုတ်ပယ်ခြင်းကို မည်သည့်အခါမှအားမပေးပါ။ ၎င်းသည် ကျောင်းသားတစ်ဦးချင်းစီနှင့် ကျောင်းအသိုင်းအဝိုင်း တစ်ရပ်လုံးအတွက် ထိခိုက်နစ်နာစေသည်ဟုယုံကြည်ပါသည်။ သို့သော် ကျောင်းတွင်စည်းကမ်းနှင့်ပတ်သက်သည့် စံသတ်မှတ်ချက်များရှိပြီး ကျောင်းအသိုင်းအဝိုင်း၏လူမှုရေးဖွဲ့စည်းပုံကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ထိခိုက် စေသည့်လုပ်ရပ်များကိုခွင့်မပြုပါ။ Brainworks-Total Group of School သည် ကျောင်းအသိုင်းအဝိုင်း၏လုံခြုံရေးကို အာမခံရန်အတွက် "ဖယ်ထုတ်ခြင်းဆိုင်ရာမူဝါဒ"ကို ချမှတ်ထားပါသည်။ ဤမူဝါဒသည် ကျောင်းသား/သူများ၊ မိဘများနှင့်ဝန်ထမ်းများအတွက်သက်ဆိုင်ပါသည်။

Brainworks-Total Group of School တွင် ဝန်ထမ်းများ၊ မိဘများနှင့်ကလေးများသည် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တွင် သင်ယူလုပ်ကိုင်နိုင်ရန်အခွင့်အရေးရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ကျောင်းဝင်းအတွင်း နေထိုင်သူများအား အနှောက်အယှက်ပေးခြင်း၊ ထိတ်လန့်စေခြင်း (သို့မဟုတ်) စိတ်ဆင်းရဲစေခြင်းကဲ့သို့သော အပြုအမူများသည် ကျောင်း၏ရည်မှန်းချက်များနှင့်မကိုက်ညီပါ။ ကျွန်ုပ်တို့သည် ပဋိပက္ခများကိုအပြုသဘောဆောင် စွာဖြေရှင်းပြီး ငြိမ်းချမ်းစွာဆွေးနွေးညှိနှိုင်းခြင်းဖြင့် ကွဲလွဲမှုများကိုဖြေရှင်းပါသည်။

Brainworks-Total Group of School တွင် ကျွန်ုပ်တို့သည် မိဘများထံမှ အောက်ပါအတိုင်းမျှော်လင့်ထားပါသည် -

- ❖ မိဘများသည်ကလေးများအား ကျောင်းနှင့်ပတ်ဝန်းကျင်ရှိလူတိုင်းနှင့် သဟဇာတဖြစ်စွာနေထိုင်နည်းကို စံနမူနာပြသရန်။
- ❖ ကျောင်းဝင်းအတွင်း ဝန်ထမ်းများ၊ မိဘများနှင့်ကလေးများသည် မည်သည့်အကြမ်းဖက်မှု (ရုပ်ပိုင်း/ စိတ်ပိုင်း /နှုတ်ဖြင့်) (သို့မဟုတ်) ခြိမ်းခြောက်မှုများကို မခံစားရစေရေးအတွက်ပါဝင်ကူညီဆောင်ရွက်ရန်။
- ❖ ကျောင်းဝင်းအတွင်း အုပ်ချုပ်သူများ၊ ဝန်ထမ်းများ၊ မိဘများ၊ ကလေးများနှင့် အခြားနေထိုင်သူများအား ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်မှု၊ ခြိမ်းခြောက်မှု၊ နှုတ်ဖြင့် (သို့မဟုတ်) စာ(အီးမေးလ်)ဖြင့် စော်ကားမှုများကို ခွင့်မပြုပါ။ ထိုသို့သောအပြုအမူများအတွက် ကျောင်းဝင်းအတွင်းဝင်ရောက်ခွင့်ကိုရုပ်သိမ်းပါမည်။

**လမ်းညွှန်ချက်များ**

အောက်ပါအပြုအမူများသည် ပြင်းထန်ပြီးလက်မခံနိုင်သောအပြုအမူများဖြစ်ပြီး ကျောင်းအသိုင်းအဝိုင်းအတွင်း မည်သူကိုမှပြုမူခြင်းကိုခွင့်မပြုပါ။ အောက်ဖော်ပြပါအချက်များသည် အပြည့်အစုံမဟုတ်သော်လည်း ထိုသို့သော အပြုအမူများကို ဥပမာများဖြင့်ဖော်ပြထားပါသည်။

- လူကိုယ်တိုင်၊ ဖုန်း၊ အီးမေးလ် (သို့မဟုတ်) အခြားဆက်သွယ်ရေးနည်းလမ်းများဖြင့် အော်ဟစ်ခြင်း၊ ကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း စသည့်ခြိမ်းခြောက်မှုနှင့်အကြမ်းဖက်မှုများ။
- လူမှုကွန်ရက်စာမျက်နှာများ (သို့မဟုတ်) ဒီဂျစ်တယ်ဖိုရမ်များတွင် ကျောင်း၏ဂုဏ်သိက္ခာကိုထိခိုက်စေသည့် (သို့မဟုတ်) အနိုင်ကျင့်မှုဟုသတ်မှတ်နိုင်သည့် စွပ်စွဲချက်များပြုလုပ်ခြင်း။
- ရုပ်ပိုင်းဆိုင်ရာခြိမ်းခြောက်မှုများ (ဥပမာ - အလွန်နီးကပ်စွာရပ်နေခြင်း၊ ခြိမ်းခြောက်သည့်လက်ဟန်များ၊ လွန်ကဲသောလှုပ်ရှားမှုများ)။
- တစ်စုံတစ်ဦးအားလက်သီးဖြင့်ခြိမ်းခြောက်ခြင်း (သို့မဟုတ်) လက်သီးဆုပ်ကိုင်ထားခြင်း။
- တွန်းခြင်း၊ ဆွဲခြင်း၊ လက်ဖြင့်ရိုက်ခြင်း၊ ကန်ခြင်း၊ တံတွေးထွေးခြင်း စသည့်ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ။
- လူမျိုး (သို့မဟုတ်) လိင် ခွဲခြားမှုဆိုင်ရာမှတ်ချက်များ၊ လိင်ပိုင်းဆိုင်ရာညွှန်းဆိုချက်များ။
- ကျောင်းဝင်းအတွင်း မိဘတစ်ဦးမှအခြားကျောင်းသားတစ်ဦးအားခြိမ်းခြောက်ခြင်း (သို့မဟုတ်) အခြားမိဘ တစ်ဦးအားခြိမ်းခြောက်ခြင်း။
- လူမှုကွန်ရက်မီဒီယာကိုအသုံးပြု၍ အခြားမိဘများ၊ ကျောင်းသားများနှင့်ကျောင်းဝန်ထမ်းများကို ဆန့်ကျင်ရန်လှုံ့ဆော်ခြင်း။
- ကျောင်းမှခွင့်ပြုချက်မရှိဘဲ ကျောင်း၏အမည်ကိုအသုံးပြု၍ လူမှုမီဒီယာအုပ်စုများဖန်တီးခြင်း။
- ကျောင်းဝန်ထမ်းများကို ကျူရှင်သင်ကြားရန်အတွက်ငှားရမ်းခြင်း (သို့မဟုတ်) တစ်နည်းနည်းဖြင့်ချဥ်းကပ်ခြင်း။
- ပြင်းထန်သောကိစ္စများတွင် လူမှုကွန်ရက်နှင့်အခြားဆိုဒ်များကိုအလွဲသုံးစားပြုမှုအတွက် ကျွန်ုပ်တို့သည် တရားဥပဒေဆိုင်ရာလုပ်ဆောင်ချက်များကို စဉ်းစားပါမည်။ ထို့အပြင်လူမှုကွန်ရက်ပေါ်တွင် တစ်ဦးကို တစ်ဦးရှက်ရွံ့စေရန် ကလေးများ (သို့မဟုတ်) မိဘများမှအသုံးပြုခြင်းကို အနိုင်ကျင့်မှုအဖြစ်သတ်မှတ်ပြီး ပြင်းထန်စွာတုံ့ပြန်ပါမည်။ လက်မခံနိုင်သောအပြုအမူများအတွက် ရဲအဖွဲ့ကိုအကြောင်းကြားပါမည်။

အောက်ပါအခြေအနေများတွင် ကျောင်းသည်သက်ဆိုင်ရာပုဂ္ဂိုလ်အား ကျောင်းနှင့်မည်သည့်ဆက်နွယ်မှုမျှမရှိစေရန် ဖယ်ထုတ်ခွင့်ရှိပါသည် -

- ကျောင်း၏အချိန်နှင့်အရင်းအမြစ်များကို အလဟဿအသုံးပြုခြင်း။
- ကျောင်း၏ဂုဏ်သိက္ခာကိုထိခိုက်စေခြင်း။
- ဝန်ထမ်း (သို့မဟုတ်) ကျောင်းသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို အန္တရာယ်ဖြစ်စေခြင်း။